ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
နွားထိုးကြီးမြို့နယ်

လူထုဗဟိုပြုစီမံကိန်း ( ဒုတိယနှစ် စက်ဝန်း )



# Village Development Plan (VDP)
# အောင်ပန်းကုန်းအုပ်စု၊ စည်ပင်ကျေးရွာ

---

၂၀၁၈ခုနှစ် နွားထိုးကြီးမြို့

**မာတိကာ**


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ။

၇။ အမျိုးသား/သမီးအခက်အခဲမျှော်မှန်းချက်

၈။ ဒုတိယနှစ်စက်ဝန်းအကျုံးဝင်/မဝင်

၉။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ။

၁၀။ ကျေးရွာကော်မတီဖွဲ့စည်းပုံ

၁၁။ ကျေးရွာကော်မတီဝင်စာရင်း

၁၂။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)


၁၄။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ် (ပုံစံ - ၃)

၁၅။ အစည်းအဝေးမှတ်တမ်းများ။


၁၆။ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ


၁၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် အရည်အသွေးထိန်းချုပ်မှု (Checklist For VDP)

# ၁။ မြို့နယ်မြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)




တည်နေရာ မြောက်လတ္တီကျူး 21.37 ၊ အရှေ့လောင်ဂျီကျူး 95.67

## ၃။ အုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်း

| စဉ် | ကျေးရွာအုပ်စု အမည် | ကျေးရွာ အမည် | အိမ် ထောင်စု | ကျား စုစုပေါင်း | မစုစုပေါင်း | လူမျိုး စုများ |
|---|---|---|---|---|---|---|
| ၁ | အောင်ပန်းကုန်း | အောင်ပန်းကုန်း | ၄၂၀ | ၈၀၁ | ၉၄၈ | ဗမာ |
| ၂ | | စည်ပင် | ၂၃၀ | ၄၅၀ | ၄၅၃ | ဗမာ |
| ၃ | | မကျီးကန် | ၄၃၀ | ၉၀၇ | ၁၀၈၀ | ဗမာ |
| ၄ | | သူဌေးကုန်း | ၁၁၀ | ၂၂၁ | ၂၄၄ | ဗမာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

စည်ပင်သည် နွားထိုးကြီး-မလှိုင်မြို့ချင်းဆက်လမ်းမဘေးမှ ထနောင်းပင်လဲလမ်းခွဲမှ စည်ပင်ကျေးရွာသို့ ၃မိုင်ခန့်သွားရပါသည်။ ကျေးရွာသို့ဆက်သွယ်ထားသောလမ်းမှာ မြေသားလမ်းဖြစ်သဖြင့် လက်ရှိအချိန်တွင် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသေးပေ။ စည်ပင်ကျေးရွာသည် အိမ်ထောင်စု (၂၃၀)ပြီး လူဦးရေအနေဖြင့် အမျိုးသား (၄၅၀)ဦးနှင့် အမျိုးသမီး (၄၅၃)ဦး၊ စုစုပေါင်း (၉၀၃)ဦး ရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ တောင်ယာလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ၊ ရေပေးဝေရေးလုပ်ငန်းရှိပါသည်။ မြစိမ်းရောင်စီမံကိန်းအနေဖြင့် ဒုတိယနှစ်သို့ရောက်ရှိနေပြီး မြစိမ်းရောင်လုပ်ငန်းများ အောင်မြင်လျက်ရှိပါသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းးကျောင်း ရှိပါသည်။ ကျန်းမာရေးအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနရှိသော အောင်ပန်းကုန်းသို့ ဆိုင်ကယ်လမ်းဖြင့် ၁.၅မိုင်ခန် (သို့) အများသုံးလမ်းဖြင့် ၅.၅မိုင်ခန့် သွားရပါသည်။ နွားထိုးကြီးမြို့ဖြင့် ၆ မိုင်ခန့်သာဝေကွာသဖြင့် ပညာရေး၊ ကျန်းမာရေးအနေဖြင့် အုပ်စုသို့ဆက်သွယ်မှု နည်းပါးပါသည်။ ရေပေးဝေရေး လုပ်ငန်းရှိသော်လည်း သောက်ရေအတွက် သီသန့်သယ်ယူရပါသည်။ ရွာသို့ဆက်သွယ်ထားသော လမ်းမကြီးမှာ မြေသားဖြစ်နေသဖြင့် မိုးရာသီတွင် သွားလာရန်ခက်ခဲနေပါသည်။ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးအတွက် ၎င်းလမ်းအားပြုပြင်လိုအပ်ပေသည်။ မြို့နှင့် သိပ်မဝေးကွာ သော်လည်း လျှပ်စစ်မီးရရှိခြင်း မရှိပေ။

### ကျေးရွာတွင်းရှိ စုစုပေါင်းအိမ်ထောင်စု နှင့် လူဦးရေ

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၂၃၀ | ၄၅၀ | ၄၅၃ | ၉၀၃ |

## လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| - | - | - | - | - |

## ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို | ၅၄ | - | - | ၅၄ |
| အမျိုးသမီးဦးဆောင် | ၂၄ | - | - | ၂၄ |
| မသန်စွမ်း | ၁၃ | - | - | ၁၃ |
| မြေယာမဲ့ | - | - | - | - |

## ကျေးရွာရှိအခြေခံ အဆောက်အဦများ

| ပညာရေး | ခြစ်ပါ | ကျန်းမာရေး | ခြစ်ပါ | ဘာသာရေး | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | | ဆေးရုံ | | ဘုရားစေတီ | ✓ |
| အလယ်တန်းကျောင်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြိုကျောင်း | | ဆေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | ✓ | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## အဓိက စီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| ပဲ | ကြက် | ဈေးဆိုင် | လက်လုပ်လက်စား |
| နှမ်း | ဂဏ် | ရောင်းဝယ်ရေး | ရွှေ့ပြောင်းလုပ်သား |
| ပဲစင်းငုံ | နွား | ကျောက်တူးခြင်း | ပန်းရံ |
| | | | လက်သမား |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ (PRA Tool)စမ်းစစ်ခြင်း

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၀-၁၁-၁၃ | ချမ်းသာ၊ အလယ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး | ၆ | ၁၁ | ၁၇ | ကျေးရွာလူမှုစီးပွား၊ အုပ်စုများ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် ( Seasonal Calendar) | ၁၀-၁၁-၁၃ | စေတနာ့ဝန်ထမ်း ကျေးရွာလူထု | ၆ | ၁၁ | ၁၇ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြနှင့် သယံဇာတပြမြေပုံ (Social map/ Resource map) | ၁၀-၁၁-၁၃ | စေတနာ့ဝန်ထမ်း ကျေးရွာလူထု | ၆ | ၁၁ | ၁၇ | အိမ်များ၊ အခြေခံ အဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများ |
| ၄ | အဖွဲ့အစည်း ချိတ်ဆက်မှု (Venn Diagram) | ၁၀-၁၁-၁၃ | ကျေးရွာလူထု ရပ်မိရပ်ဖ | ၉ | ၁၁ | ၂၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများ မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၀-၁၁-၁၃ | အမျိုးသား/ အမျိုးသမီး | ၉ | ၁၁ | ၂၀ | အမျိုးသားနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | အမျိုးသား/ အမျိုးသမီး သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား | ၁၀-၁၁-၁၃ | ရပ်မိရပ်ဖ၊ လူငယ်အုပ်စု ( အမျိုးသား/ အမျိုးသမီး) ပေါင်း | ၉ | ၁၂ | ၂၁ | အမျိုးသား/ အမျိုးသမီးတို့၏ အရင်းအမြစ်အပေါ် မည်သူက ပို၍ အသုံးပြုနေကြသည်ကို ဖော်ထုတ်ခြင်း။ |

## လူမှုပူးပေါင်းပါဝင်မှုဆန်းစစ်ချက်ရလဒ်

စည်ပင်ကျေးရွာသည် အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ မွေးမြူရေး၊ ပန်းရံလက်သမားလုပ်ငန်း အနည်းငယ် လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီး ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြသော်လည်း ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများကသာ ဆုံးဖြတ်ချက်ချသည်ကို တွေ့ရှိရပါ သည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားများက အမျိုးသမီးကို ဆုံးဖြတ်ခွင့်ပေးသော်လည်း အမျိုးသမီး များအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုအားနည်းနေသေးသည်ကို တွေ့ရှိရပါသည်။ ဦးဆောင်နိုင်မှု အပိုင်းတွင်လည်း အမျိုးသမီးများအနေဖြင့် အားနည်းမှုများရှိနေသည်ကိုတွေ့ရှိရပါသည်။ သို့ပါသောကြောင့် အမျိုးသမီးများအနေဖြင့် ကိုယ့်ကိုကို ယုံကြည်မှုများရှိလာစေရန် ဆောင်ရွက် သွားရမည်ဟု ဆွေးနွေးခဲ့ပါသည်။ ဝင်ငွေအနေဖြင့် အမျိုးသားများက အမျိုးသမီးများထက် ပို၍ရရှိ ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေး ရှိသည်ကို တွေ့ရှိရပါသည်။ အရင်းအမြစ်အများစုကို သုံးစွဲရာတွင် တန်းတူအခွင့်အရေးရရှိ သော်လည်း ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသားများက ပို၍ဆောင်ရွက်ကြရပါသည်။ ကျေးရွာရှိ မြစိမ်းရောင်းကော်မတီတွင် အမျိုးသား အမျိုးသမီး ပါဝင်ဖွဲ့စည်းထားသဖြင့် ကျား/မတန်းတူအခွင့်အရေးအတွက် အစပြုထားမှုရှိပါသည်။ ကျေးရွာ အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအတွက် ရွာသို့ဆက်သွယ်ထားသော လမ်းမပြုပြင်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ


### (က)ကျေးရွာ၏ လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking)

| စဉ် | အဆင့် သတ်မှတ်ချက် | ပိုင်ဆိုင်မှုသတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း (%) |
|---|---|---|---|---|
| ၁။ | ချမ်းသာ | မြေယာပေါအများ၊ ကား၊ ထော်လာဂျီ၊ ပြောင်းရိုးစင်းစက်၊ ထွန်စက်၊ ကွန်ဒေါင်းရှိ | ၂၀ | ၈.၅၉ |
| ၂။ | အလယ်အလတ် | မြေယာနည်းပါး၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ ထန်း ရှိ | ၇၃ | ၃၁.၃၃ |
| ၃။ | ဆင်းရဲ | ဆိုင်ကယ်၊ လက်လုပ်လက်စား | ၁၀၅ | ၄၆.၆၇ |
| ၄။ | အလွန်ဆင်းရဲ | မှီခို၊ လက်လုပ်လက်စား | ၃၀ | ၁၃.၃၃ |
| စုစုပေါင်း | | | ၂၃၀ | ၁၀၀ |


**ဆွေးနွေးဆန်းစစ်မှုရလဒ်**

- ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။
- မွေးမြူရေးပန်းရံ၊လက်သမားအနည်းငယ်လုပ်ကိုင်ကြသည်။
- ကျေးရွာတွင် ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်တွင် အိမ်ထောင်စု ပိုများသည်။
- ကျေးရွာတွင် ချမ်းသာ(၃၀)ဦး၊အလယ်အလတ်(၇၃)ဦး၊ဆင်းရဲ(၆၀)ဦး၊အလွန်ဆင်းရဲ (၁၂)ဦးရှိပါသည်။
- ဆင်းရဲအဆင့်နှင့်အလွန်ဆင်းရဲအဆင့်တွင် အိမ်ထောင်စုများရခြင်းမှာ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။
- ဆင်းရဲသူများကို စီမံကိန်းတွင် ပါဝင်လာစေရန် အစည်းအဝေးတက်စေခြင်း၊စီမံကိန်း လုပ်ငန်းတွင်အလုပ်အကိုင်ပေးခြင်းဖြင့် စည်းရုံးရပါမည်။
- လမ်းပြုပြင်ခြင်း၊ စာသင်ကျောင်းဆောက်လုပ်ခြင်းတို့ဖြင့် ဆင်းရဲမှုကို လျော့ချနိုင် ပါသည်။
- ရွာတွင်/ရွာဝင်ဆက်လမ်းများပြုပြင်ရန် လိုအပ်ပါသည်။

# (ခ)ရာသီခွင်ပြ ပြက္ခဒိန်



## ရာသီခွင်ပြ ပြက္ခဒိန်နှင့် သုံးသပ်ခြင်း



(ရာသီခွင်ပြ ပြက္ခဒိန် သုံးစွဲချက်ရလဒ်)

- အောင်ပန်းကျိုး ၊ ဒုပုံ ၊ စည်ပင် ကျေးရွာသည် ဓါးဆို၊ ဓါးခေါင်၊ တော်သလင်း ၊ သီတင်းကျွတ် လများတွင် မိုးများကျ၍ သောက်သုံးရေ ရရှိမှု ကွင်းကွာ ပေါ်များပါသည်။
- ကဆုန်၊ နယုန်၊ ဓါးဆို၊ ဓါးခေါင် လများတွင် နှမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ စပါး စသည့် သီးနှံများ စိုက်ပျိုးကြပါသည်။ မွေးမြူရေး အနည်းငယ်သာ ရှိပြီး ၊ ထန်းသမား များ၏ တောင်သူ များပါသည်။
- ဓါးခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း ၊ နတ်တော် လများတွင် ဘုရားပွဲ၊ မီးထွန်းပွဲ များ ရှိပါသည်။
- သီးနှံ သိမ်းသည့် လများ ဖြစ်ကြသည့် တော်သလင်း ၊ တပို့တွဲ နတ်တော် လများတွင် ဝင်ငွေ ရရှိမှု များ၏ ကျန်သည့် လများတွင် သင့်တင့်မှု ရှိပါသည်။
- ဆယ့်နှစ်ရာသီ ပတ်လုံး သောက်သုံးရေ ရရှိမှု လုံလောက်ပါသည်။
- ဝင်ငွေ ရရှိမှု များသည့် လများတွင် အစားရှားပါးမှု များပါသည်။
- တော်သလင်း၊ သီတင်းကျွတ်၊ တပို့တွဲ လများတွင် အနည်းငယ် များပြားမှု ရှိပါသည်။
- သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ခြင်း မရှိပါ။
- ကဆုန်၊ တော်သလင်း ၊ နတ်တော် လများမှ လွဲ၍ ကျန်သည့်လများ တွင် ခိုဝင်ကိုင်း လုပ်ငန်းနှင့် လုပ်ကိုင် အဆင်ပြေပါသည်။

## (ဂ)ကျေးရွာလူမှုရေး အရင်းအမြစ်ပြမြေပုံ



# ကျေးရွာလူမှုရေးအရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်



ကျေးရွာ - စည်ပင်

ကျေးရွာမြေပုံ ဆန်းစစ်ချက်

- အောင်ပန်းကုန်း အုပ်စု၊ စည်ပင် ကျေးရွာသည် စိုက်ပျိုးရေး အဓိက ထားလုပ်ကိုင်ပါသည်။ ထန်းသမား များပါသည်။ မွေးမြူရေး အနည်းငယ်သာ ရှိပါသည်။
- ယခင် (၅) နှစ် ထက် ပို၍ လမ်းပန်းဆက်သွယ်ရေး ကောင်းပါသည်။ အခြေခံ အဆောက်အဦး ဖွံ့ဖြိုး များပြားလာပါသည်။
- ရွာအရှေ့ဘက် (၂) ဖာလုံခန့်တွင် သမိုင်းဝင် ရှေးဟောင်း ဂူဝင်း ရှိပါသည်။
- ဥားထိုး မြို့သို့ သွားသည့်လမ်းက တစ်ခုတည်းသာ ဖောက်ပြီး၍ မိုးကာလတွင် သွားလာရန် ခက်ခဲပါသည်။ တခြား ရွာချင်းဆက် လမ်းများမှာလည်း မြေလျှောလမ်းသာ ဖြစ်၍ မိုးကာလတွင် သွားလာရန် ခက်ခဲပါသည်။
- ရွာလယ်လမ်း မကြီးသာ မိုးကာလတွင် သွားလာရန် အနည်းငယ် အဆင်မပြေ၍ ကျန်စိုက်လမ်းများမှာ ခက်ခဲပါသည်။
- သောက်ရေ ကို သမိုင်းဝင် တွင်းမှ ခပ်၍ ထမင်းချက်ရန် အတွက် ရေကန်မှ ခပ်ရပါသည်။ သုံးရေ အတွက်သာ ရွာရေပေးဝေရေးမှ ရရှိပါသည်။
- သီးခြား နေထိုင်သော အဖွဲ့အစည်း မရှိပါ။
- ပြောင်းရွှေ့နေထိုင်ရ [illegible] မရှိပါ။ [illegible] နိုင်ငံခြား သွားရောက် လုပ်ကိုင်နေသူများ ရှိပါသည်။
- လျှပ်စစ်မီး မရရှိသေးပါ။
- လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ချင်ပါသည်။ လျှပ်စစ်မီး ရချင်ပါသည်။
- မိုးကာလတွင် ကျောင်းသားများ ကျောင်းတက်ရန် လမ်းပန်းဆက်သွယ်ရေး သွားလာရန် ခက်ခဲပါသည်။ သွားရာ ခက်ခဲပါသည်။ ကျန်းမာရေး အတွက်လည်း


## (ဃ)အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယား



**ဆွေးနွေးဆန်းစစ်မှုရလဒ်**

- ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာတွင်း အဖွဲ့အစည်းများစွာရှိပါသည်။
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဦးစီးနှင့် Pact Myanmar တို့သည် ရပ်ရွာအတွက် အကျိုးပြုမှုအများဆုံးဖြစ်ပြီး စိုက်ဘဏ်၊ ပညာရေးမှူးရုံး၊ စသည့် အဖွဲ့အစည်းများသည် ကျေးရွာပြင်ပ၏ အကျိုးပြုမှု အသင့်အတင့်ရှိသည်။
- မြစိမ်းရောင်ကော်မတီတွင် အမျိုးသား/အမျိုးသမီးအချိုးတူနီးပါးဖွဲ့စည်းထားပါသည်။
- ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များကို အမျိုးသား၊သမီးတန်းတူ အတူတကွ ပူးပေါင်း ဆောင်ရွက်ကြပါသည်။
- ကျေးရွာတွင်းရှိ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းထားသော်လည်း စီမံကိန်းပထမနှစ်တွင် လုပ်ငန်းခွဲရယူထားခြင်းမရှိပေ။
- ကျေးရွာအတွင်းနှင့် မြို့နယ်အဆင့် အဖွဲ့အစည်းများမှာ လုံလောက်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်သော အားပေးမှု အားနည်းလျက်ရှိပါသည်။

(င)ပင့်ကူအိမ်သုံးသပ်ချက်



## အမျိုးသား အမျိုးသမီး ပင့်ကူအိမ် သုံးသပ်ခြင်း

- လုပ်ငန်းအများအပြားတွင် အမျိုးသားများ ပါဝင်မှု/ဦးဆောင်မှုများနေပါသည်။
- အိမ်မှုကိစ္စများတွင် အမျိုးသမီးများ၏ တာဝန်ယူမှု များနေသည်။ အခြားသော ကိစ္စများတွင် ပါဝင်မှု အားနည်းနေပါသည်။
- ဘဝလုံခြုံမှု၊ အိမ်မှုကိစ္စဆောင်ရွက်မှု၊ ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ရာတွင် အမျိုးသား အမျိုးသမီး အဓိက ကွာဟနေပါသည်။
- ၄င်းကွာဟမှုအားကို ပြေလည်စေရန် အမျိုးသားများမှ နေရာပေးခြင်းအပြင် အမျိုးသမီးများ ကိုယ်တိုင်ကလည်း မိမိကိုယ်ကိုယ် စွမ်းဆောင်ရန်လိုအပ်ပါသည်။
- စည်ပင်ကျေးရွာသည် မြို့နှင့် ၆ မိုင်ခန့်သာဝေးကွာသော်လည်း သီးခြားရပ်တည်နေသော (အခြားရွာများဖြင့် ဆက်သွယ်မှု အလှမ်းဝေးသော)ရွာဖြစ်နေသဖြင့် အမျိုးသမီးလုံခြုံစိတ်ချစွာ သွားလာနိုင်ရေအတွက် အတော်ပင်ဆောင်ရွက်ရမည်ဖြစ်သည်။
- မျိုးသမီးများသည် ကိုယ်တိုင် ဗဟုသုတများရှာဖွေခြင်း၊ အမျိုးသားများကလည်း လက်တွဲခေါ်ဆောင်ခြင်းဖြင့် ကျား/မတန်းတူအခွင့်အရေးဖြစ်စေရန်ဆောင်ရွက်သင့်ပါသည်။
- မြစိမ်းရောင်းကော်မတီတွင် အမျိုးသမီးအား လုပ်ငန်းခွင်အတွင်း ပါဝင်လာစေရန် အလေ့အထတစ်ခုကို ဆောင်ရွက်နိုင်ခဲ့သော်လည်း အားနည်းလျက်ရှိပါသည်။

## (စ)သုံးစွဲမှုနှင့် ထိန်းချုပ်မှုပြဇယား

အမျိုးသား၊ အမျိုးသမီးသုံးစွဲမှုပြဇယား

| အမျိုးသား<br>♂ | အမျိုးသမီး<br>♀ | အမျိုးသား+ အမျိုးသမီး<br>♂ ♀ |
|---|---|---|
| လယ်ယာမြေ<br>လှည်း<br>နွား<br>ဆိုင်ကယ်<br>ထန်း<br>ကား<br>ထော်လာဂျီ<br>ရေစင် | အိမ်သုံးပစ္စည်း<br>ယက်ကန်းစင်<br>အပ်ချုပ်စက်<br>လက်ဝတ်ရတနာ<br>ရေ | ရေ<br>လမ်း<br>စာသင်ကျောင်း<br>ဘုန်းကြီးကျောင်း<br>ဓမ္မာရုံ<br>ရေတွင်းဇရပ် |

အမျိုးသား၊ အမျိုးသမီးထိန်းချုပ်မှုပြဇယား

| အမျိုးသား<br>♂ | အမျိုးသမီး<br>♀ | အမျိုးသား+ အမျိုးသမီး<br>♂ ♀ |
|---|---|---|
| လယ်ယာမြေ<br>လှည်း<br>နွား<br>ဆိုင်ကယ်<br>ထန်း<br>ကား<br>ထော်လာဂျီ<br>ရေစင်<br>ရေ<br>စာသင်ကျောင်း<br>ဓမ္မာရုံ<br>ယက်ကန်းစင်<br>အပ်ချုပ်စက် | အိမ်သုံးပစ္စည်း<br>လက်ဝတ်ရတနာ | ရေစင်<br>လမ်း |

**သုံးစွဲမှုနှင့် ထိန်းချုပ်မှု ဇယား နှင့် သုံးသပ်ချက်**

- အရင်းအမြစ်သုံးစွဲမှုတွင် ကွာခြားချက်မများလှပေ။
- အမျိုးသမီးများအနေဖြင့် လက်ဂဝတ်ရတနာများနှင့် မီးဖိုချောင်သုံးပစ္စည်းများအား အများဆုံးအသုံးပြုကြပါသည်။
- ထိန်ချုပ်မှုတွင် အမျိုးသားများပ ပိုမိုများပြားနေပါသည်။
- အမျိုးသမီးများအနေဖြင့် မိမိကိုယ်မိမိ နောက်မှ ကူညီပံ့ပိုးသူဟူ၍ သတ်မှတ်ကာ အမျိုးသားများအား ဦးစားပေးလွှန်းနေပါသည်။
- ထို့အပြင် အမျိုးသမီးများမှာ များသောအားဖြင့် အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန်နေသဖြင့် ရွာရေးရပ်ရေးတွင် ဦးဆောင်မှုတွင် အချိန်ပေးမှုအားနည်းလျက်ရှိပါသည်။
- ကျ/မတန်းတူ လက်တွဲနိုင်ရေအတွက် အမျိုးသားများအနေဖြင့် ပုံမှန်လုပ်ငန်းစဉ်ဖြစ်သော ရှေ့မှသွားလာလှုပ်ရှားမှုများအား လျော့ချ၍ အမျိုးသမီးများအနေဖြင့်လည်း စိတ်ပိုင်ဆိုင်ရာပြောင်းလဲရန်လိုအပ်ပါသည်။

## ၇။ အမျိုးသား/အမျိုးသမီးတင်ပြသော အခက်အခဲ ပြဿနာများ

### အမျိုးသားများ တင်ပြသော အခက်အခဲ ပြဿနာများနှင့် မျှော်မှန်းချက်များ

| စဉ် | အခက်အခဲပြဿနာများ | မျှော်မှန်းချက်များ |
|---|---|---|
| ၁။ | ရွာဂင်လမ်း မိုးရာသီတွင် သွာလာမှုခက်ခဲ | ရာသီမရွေးသွားလာမှု လွယ်ကူစေရေး |
| ၂။ | မီးလင်းရေးအတွက် ရန်ပုံငွေမလုံလောက် | ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး |
| ၃။ | စာသင်ကျောင်းဆောင်မလုံလောက်ခြင်း | ပညာရေးတွင် ထိရောက်စေရန် |
| ၄။ | အားကစားလေ့ကျင့်ကွင်းမရှိ | ကျန်းမားရေကောင်းမွန်စေရန် |
| ၅။ | စာသင်ကျောင်းတွင် လုံခြုံမှုအားနည်း | အနှောက်အယှက်ကင်းစွာ ပညာသင်ကြားနိုင်ရေး |
| ၆။ | အရေပေါ် ကျန်းမာရေး ဂန်ဆောင်မှု မရှိ | ကျန်းမာရေးစောက်ရှောက်မှု ပြည့်ဂစွာရရှိစေရန် |

### အမျိုးသမီးများ တင်ပြသော အခက်အခဲ ပြဿနာများနှင့် မျှော်မှန်းချက်များ

| စဉ် | အခက်အခဲပြဿနာများ | မျှော်မှန်းချက်များ |
|---|---|---|
| ၁။ | ရွာအဂင်လမ်း မိုးရာသီတွင် သွားလာမှုခက်ခဲ | ရာသီမရွေးသွားလာမှု လွယ်ကူစေရေး |
| ၂။ | ညရေးညတာသွားလာနိုင်မှု ခက်ခဲ/ အမျိုးသမီးများ ချက်ရအချိန်ခြင်း | ကျေးရွာအတွင်း လျှပ်စစ်မီးရရှိရေး |
| ၃။ | အမျိုးသမီးများအတွက်အလုပ်အကိုင် အခွင့်အလမ်း နည်းပါး | ဂင်ငွေတိုးလာစေရန် |
| ၄။ | ကျေးရွာအတွင်း သွားလာမှု အဆင်မပြေ | သွားလာရေး အဆင်ပြေ ချောမွေ့စေရေး |
| ၅။ | စာသင်ကျောင်းဆောင်မလုံလောက် | စာသင်ဆောင်လုံလောက်စွာဖြင့် ပညာသင်နိုင်ရေး |
| ၆။ | သောက်ရေရှားပါး | သောက်ရေလုံလောက်စွာရရှိချင် |
| ၇။ | အရေးပေါ် ကျန်းမာရေးပြဿနာ | ဆေးပေးခန်းရရှိစေချင် |
| ၈။ | စာသင်ကျောင်းဂင်း လုံခြုံမှုအားနည်း | ပညာရေးထိရောက်မှုရှိစေရေး |

## ၈။ ဒုတိယနှစ် စက်ဂန်းတွင် အကျုံးဂင်သော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ

| စဉ် | ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း | အဆင့် | ကျား | မ |
|---|---|---|---|---|
| ၁။ | ရွာဂင်လမ်းပြုပြင်ခြင်း | ၁ | ✓ | ✓ |
| ၂။ | စာသင်ကျောင်းဆောင်တိုးချဲ့ရေး | ၂ | ✓ | |
| ၃။ | စာသင်ကျောင်းခြံစည်းရိုးခက်ခြင်း | ၃ | | ✓ |
| ၄။ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၄ | ✓ | ✓ |
| ၅။ | ရွာတွင်းလမ်းသွယ်များပြုပြင်ခြင်း | ၅ | | ✓ |
| ၆။ | ကျေးလက်ဆေးပေးခန်း | ၆ | ✓ | ✓ |
| ၇။ | သောက်ရေတင်လုပ်ငန်း | ၇ | | ✓ |
| ၈။ | ကလေးကစားကွင်း | ၈ | ✓ | |

## ဒုတိယနှစ် စက်ဂန်းတွင် အကျုံးမဂင်သော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ

- သက်/မွေးလုပ်ငန်း (စက်ချုပ် စသည့်)


## ၉။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ







## ၁၀။ ကျေးရွာစီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပုံ



## ၁၁။ ကန်ရွာကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဦးကျော်ဆန်း | စီထောက်ဥက္ကဋ္ဌ | 09789003749 |
| ၂ | ဒေါ်အေးအေးမာ | စီထောက်ဥက္ကဋ္ဌ | 09789970218 |
| ၃ | ဦးဇော်လှိုင်းအောင် | ငွေစာရင်းကိုင် | 09969830281 |
| ၄ | ဦးရဲကျော်အောင် | ဝယ်ယူရေးဥက္ကဋ္ဌ | 09763011133 |
| ၅ | ဒေါ်မြင့်မြင့်အေး | မှတ်တမ်းထိန်း | 09778248339 |
| ၆ | ဒေါ်ဝေ | ဝယ်ယူရေးအဖွဲ့ဝင် | 09789970218 |
| ၇ | ဦးအောင်လှ | လည်ပတ်ထိန်းသိမ်းရေး/ဥက္ကဌ | 09763011133 |
| ၈ | ဒေါ်ရွှေဝင်း | လည်ပတ်ထိန်းသိမ်းရေး/အဖွဲ့ဝင် | 0979535181 |
| ၉ | ဦးစိုးဝင်း | စောင့်ကြည့်ကြီးကြပ်ရေး/ဥက္ကဌ | 09771593578 |
| ၁၀ | ဒေါ်အေးဆိုင် | စောင့်ကြည့်ကြီးကြပ်ရေး/အဖွဲ့ဝင် | - |
| ၁၁ | ဦးမင်းသူ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး | 0930115883 |
| ၁၂ | ဒေါ်စန်းစန်းမော် | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး | 09798965321 |
| ၁၃ | ဦးဇော်မျိုးဝင်း | စေတနာ့ဝန်ထမ်း | 09402912636 |
| ၁၄ | ဒေါ်ခင်မာမြင့် | စေတနာ့ဝန်ထမ်း | 09771587095 |

## ၁၂။ ကျေးရွာအချက်အလက် (ပုံစံ -၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကြင်ရွှေ | ၀၉-၇၈၆ ၇၀၁ ၅၃၈ | ဦးဆိုင်ကျော်အောင် |

| ~~ပြည်နယ်~~/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မန္တလေး | နွားထိုးကြီး | အောင်ပုံးကုန်း | ရည်ဘိုးဝင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၃၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၃၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ | ၄၅၀ | ၄၅၃ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၀၆ | ၂၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☑ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက်<br>နားထိုးကြီးသို့<br>၄ မိုင် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း (circled)
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား (circled) လှည်းလမ်း

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား?　　ရှိပါသည်/မရှိပါ (circled)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း?　　မိုင်---၄--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၀၆:၃၀:၀၀ ခြေလျင် (circled)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------ ခြေလျင် (circled)/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ..............................

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) UN Habitat

(၂) Pact Myanmar

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး.ကြင်ရွှေ

လက်မှတ် နေ့စွဲ ၁၀.၁၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဦး.ဘို ကျော်အောင်

လက်မှတ် နေ့စွဲ ၁၀.၁၁.၂၀၁၇

# ၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ -၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဆိုင်းကျော်အောင်

နေ့စွဲ ၁၀.၁၁.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် နွားထိုးကြီး | ကျေးရွာအုပ်စု အောင်ပန်းကုန်း | ကျေးရွာ ရွာသာယာ

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | ၅၁ | ၆၇ | ၁၁၈ | ၁၁၈ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁၁.၁၇ | ၁၀.၁၁.၁၇ | ၅၁ | ၆၇ | ၁၁၈ | ၁၁၈ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂.၁.၁၈ | ၂.၁.၁၈ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၆.၁.၁၈ | ၁၆.၁.၁၈ | ၄၀ | ၅၄ | ၉၄ | ၉၄ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၄။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်များ ( ပုံစံ - ၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးမိုးကျော်အောင်

| | |
|---|---|
| နေ့စွဲ ၁၀.၁၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ✓□ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ~~ပြည်နယ်~~/တိုင်း မန္တလေး နွားထိုးကြီး မြို့နယ် | ကျေးရွာအုပ်စု အောင်ပင်ကျွန်း ကျေးရွာ ရေဘယင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီ သွားလာရခက်ခဲ | ၁ | မိုးရာသီ သွားလာရခက်ခဲ |
| ၂ | လျှပ်စစ်မီး မရရှိ | ၂ | လျှပ်စစ်မီး မရရှိ |
| ၃ | စာသင်ကျောင်း မလုံခြုံ | ၃ | စာသင်ကျောင်း မလုံခြုံ |
| ၄ | ကျန်းမာရေး အသွားအလာ ခက်ခဲ | ၄ | ကျန်းမာရေး အသွားအလာ ခက်ခဲ |
| ၅ | စာသင်ကျောင်းဆောင် မလုံလောက် | ၅ | စာသင်ကျောင်း မလုံလောက် |
| ၆ | ကလေးများ ကစားကွင်း မရှိ | ၆ | စိုက်ခင်းလမ်းများ သွားလာရခက်ခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရာသီမရွေး သွားလာရလွယ်ကူရန် | ၁ | ရာသီမရွေး သွားလာရလွယ်ကူစေရန် |
| ၂ | လျှပ်စစ်မီးရရှိ၍ ဝင်ငွေတိုးရန် | ၂ | လျှပ်စစ်မီးရရှိ၍ ဝင်ငွေတိုးရန် |
| ၃ | ကျောင်းခြံစည်းရိုး လုံခြုံရန် | ၃ | ကျောင်းခြံစည်းရိုး လုံခြုံရန် |
| ၄ | ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရန် | ၄ | ကျန်းမာရေး စောင့်ရှောက်မှု ရရှိစေရန် |
| ၅ | ပညာရေး တိုးမြှင့်နိုင်ရန် | ၅ | ကျောင်းဆောင် လုံလောက်မှု ရှိရန် |
| ၆ | ကလေးများ ကစားရန် ကွင်းကောင်း ရှိရန် | ၆ | စိုက်ခင်းလမ်းကောင်း ရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | ကျား + မ | (၃၅၀၀)သိန်း | ၉၀၃ |
| ၂ | စာသင်ကျောင်းဆောင် | ကျား + မ | (၂၀၀)သိန်း | ၉၀၃ |
| ၃ | ကျောင်းခြံစည်းရိုး | ကျား + မ | (၆၀)သိန်း | ၉၀၃ |
| ၄ | လျှပ်စစ်မီး သွယ်တန်းခြင်း | ကျား + မ | (၂၅၀)သိန်း | ၉၀၃ |
| ၅ | စိုက်ကွင်းလမ်း ပြုပြင်ခြင်း | မ | (၁၈၀)သိန်း | ၉၀၃ |
| ၆ | ဆော့ကစားကွင်း | ကျား + မ | (၆၀၀)သိန်း | ၉၀၃ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်အေးအေးမာ ---- လက်မှတ် ---------------------------- နေ့စွဲ ၁၀.၁၁.၂၀၁၇

## ၁၅။ အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျင်းပသည့်အကြောင်းအရာ | - | ဒုတိယနှစ်စက်ဝန်းမိတ်ဆက်အစည်းဝေး |
| ကျင်းပသည့်နေရာ | - | ရွာဦးကျောင်းစုု စည်ပင်ကျေးရွာ |
| ကျင်းပသည့်နေ့ရက် | - | ၁၈-၁၁-၂၀၁၇ |
| တက်ရောက်သူဦးရေ | - | ကျား(၅၁)+မ(၆၇)/ စုစုပေါင်း(၁၁၈)ဦး |

အစည်းအဝေးအစတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြော ကြားခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းတွင် မိမိကျေးရွာဖွံ့ဖြိုးရေးအတွက် ယခင်နှစ်က လုပ်ငန်းခွဲမယူခဲ့သော်လည်း ယခုရရှိမည်ဖြစ်ပါ၍ ပိုမို အားတက်သရောပါဝင်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းကိုညီနိုင်း ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပါသည်။ ယခုလိုအစည်းအဝေးကို တက်ရောက်ပေး သောကြောင့် အစည်းအဝေး တက်ရောက်လာသူအားလုံးကို ကျေးဇူးတင်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး ဦးချစ်ဖြိုးဝေမှ စီမံကိန်းရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်းသည် လူထု၏ပူးပေါင်းမှုသာ အဓိကဖြစ်ကြောင်း၊ စီမံကိန်းတွင် ပါရှိသော ရည်ရွယ်ချက်(၁၅)ချက်အားရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်းစက်ဝန်းတွင် အပိုင်း(၆)ပိုင်းနှင့် အဆင့်(၁၄)ဆင့်ရှိကြောင်း၊ အဆင့်များအား မှတ်ရန်ခက်ခဲလျှင် အပိုင်း(၆)ပိုင်းကိုတော့ မှတ်မိသင့်ကြောင်း၊ ကျေးရွာလူထုနှင့် အစည်းအဝေးများကိုလည်း (၆)ကြိမ်အနည်းဆုံး ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ စီမံကိန်း လုပ်ငန်းခွဲလုပ်ငန်းစဉ်များကို စီမံကိန်းစက်ဝန်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းစက်ဝန်းအဆင့်တိုင်းတွင် ကျား-မ ရေးရာတန်းတူညီမျှရေးနှင့် စောင့်ကြည့်ကြီးကြပ်ရေး လုပ်ငန်းစဉ်များကို ထည့်သွင်းစဉ်စားသွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ၎င်းတို့၏တာဝန်ဝတ္တရားများကို လူထုစည်းရုံးရေးမှူး ဦးစိုးကျော်အောင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ ကော်မတီများသည် မိမိတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပထမနှစ်စက်ဝန်းတွင်အသုံးပြုခဲ့သော PRA Tool များကို ရွာသူ/ရွာသားများထံ ချပြ၍ အဆင့်တိုးမြင့်ပြောင်းလဲရန်လိုအပ်သော လူမှုရေးအရင်းမြစ်ပြမြေပုံ၊ ကျား/မရေးရာနှင့်ဆိုင်သော ပင်ကူအိမ်သုံးသပ်ချက်နှင့် အဖွဲ့အစည်းချိတ်ဆက်မှုပုံစံများအား အတည်ပြုပြုပြင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

မနှင်းအိဖြူ (စေတနာ့ဝန်ထမ်း)

# အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်အကြောင်းအရာ - ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း

ကျင်းပသည့်နေရာ - ရွာဦးကျောင်းစု စည်ပင်ကျေးရွာ

ကျင်းပသည့်နေ့ရက် - ၆-၁၁-၂၀၁၇

တက်ရောက်သူဦးရေ - ကျား(၄၀)+မ(၆၅)/ စုစုပေါင်း(၁၀၅)ဦး

အစည်းအဝေးအစတွင် လူထုစည်းရုံးရေးမှူး ဦးစိုးကျော်အောင်မှ ယနေ့အစည်းအဝေးသည် ပထမအကြိမ်အစည်းအဝေးဖြစ်သော စီမံကိန်းမိတ်ဆက်အစည်းအဝေးပြီး မြောက်ပြီဖြစ်ကြောင်း၊ ကျေးရွာလူထုအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းအား မည်သည့်နေ့တွင် ပြုလုပ်မည်ဟုမေးမြန်းရာတွင် ကျေးရွာလူထုမှ ယခုတစ်ခါတည်း ပြုလုပ်ပေးလျှင်ပို၍အဆင်ပြေကြောင်း ဆွေးနွေးခဲ့သဖြင့် ဒုတိယအကြိမ်အစည်းအဝေးဖြစ်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

လက်ထောက်နည်းပညာမှူး ဆရာမ ဒေါ်မေဦးခိုင်မှ စည်ပင်ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် မိမိတို့ကျေးရွာအတွက် အမှန်တကယ်မရှိ မဖြစ်လိုအပ်သော လုပ်ငန်းများကို ဦးစားပေးရွေးချယ်သင့်ကြောင်း၊ ဒါမှသာ ကျေးရွာ လူထုအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် အကျိုးဝင်/ မဝင်များ၊ အကာအကွယ်များ တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းစွာ ပြောကြားခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ရွာဝင်နှင့် ရွာတွင်လမ်းပြုပြင်ခြင်းလုပ်ငန်းကို ရွေးချယ်အတည်ပြုခဲ့ပါသည်။ ဆက်လက်ပြီးကော်မတီများရွေးချယ်အတည်ပြုရာ ယခင်နှစ်က ကော်မတီများကို ကျေးရွာမှ သဘောတူကြောင်းနှင့်၄င်းတို့၏ လုပ်ဆောင်ချက်များကို သဘောကျကြောင်း ကျေးရွာလူထုမှ ပြောကြားခဲ့ပါသည်။ သို့သော်လည်း ကျန်းမာရေးအရနှင့် လုပ်ငန်းမအားလပ်သော

ကော်မတီများအနေဖြင့် လုပ်ငန်းကိုမဆောင်ရွက်နိုင်သောကြောင့် နေရာအစားထိုးခြင်းများ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအပြီးတွင် အစည်းအဝေးမှတ်တမ်းကို ကျေးရွာစီထောက်ဥက္ကဌမှ ဖတ်ကြားရှင်းလင်းပြီး အစည်းအဝေးမှတ်တမ်းကို သဘောတူညီမှု ရယူခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်နှင်းအိဖြူ (စေတနာဝန်ထမ်း)

## ၁၆။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | အဆင့် | လုပ်ငန်း | မည်သူ ဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့)အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရွာဝင်လမ်းပြုပြင်ခြင်း | ကျား+မ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | လျှပ်စစ်မီးတိုးချဲ့ သွယ်တန်းခြင်း | ကျား | မရှိ | မရှိ |
| | ၃ | ရွာတွင်းလမ်းမများ ပြုပြင်ခြင်း | မ | မရှိ | မရှိ |
| | ၄ | | | | |
| | ၅ | | | | |
| အသက်မွေး ဝမ်းကြောင်း /စိုက်ပျိုးရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ကျန်းမာရေး/ အာဟာရ | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ပညာရေး | ၁ | စာသင်ကျောင်းဆောင်တိုး ချဲ့ခြင်း | ကျား+မ | မရှိ | မရှိ |
| | ၂ | စာသင်ကျောင်း ခြံစည်းရိုးခက်ခြင်း | မ | မရှိ | မရှိ |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | ဆေးပေးခန်း တည်ဆောက်ခြင်း | ကျား+မ | မရှိ | မရှိ |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |

## ၁၇။ VDP အရည်အသွေး ထိန်းချုပ်မှု

ထိန်းချုပ်သူ -

VDP ရက်စွဲ-

မြို့နယ်-နွားထိုးကြီး ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက် ရလဒ်)
- အမျိုးသား/ အမျိုးသမီး အဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း ( အခြေခံ အဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေး ထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ -

- လူမှုအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ....
- ကျေးရွာစီမံကိန်း ရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏ အချက်အလက် ( PC1 ပုံစံ )
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သောလူဦးရေ ( အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက် -
- ပါဝင်သော လူဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း ( အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသား အနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့

- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီး အဖွဲ့အစည်းအဝေး၏ ရလဒ်အား ခွဲခြားပေးထားသလား
    - ▪ ရှိ
    - ▪ မရှိ
- ○ စီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –

PRA နှင့် သက်ဆိုင်သော အခြား စီမံကိန်းအရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်) –